# မြောက်ကိုင်း(တ)ကျေးရွာ

# စဥ့်ကိုင်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀–၂၀၂၅)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြောက်ကိုင်း(တ)ကျေးရွာ၊ စဥ့်ကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)



၂၀၂၁ ပြည့်နှစ်၊ ဇန်နဝါရီလ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **မြောက်ကိုင်း(တ)ကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ စဉ့်ကိုင်မြို့နယ်** | |
| | **မြောက်ကိုင်း(တ)ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ စဉ့်ကိုင်မြို့နယ်** | |
| | **မြောက်ကိုင်း(တ)ကျေးရွာ ကျေးရွာတွင်း/ပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၊ စဉ့်ကိုင်မြို့နယ်** | |
| | **မြောက်ကိုင်း(တ))ကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ စဉ့်ကိုင်မြို့နယ်** | |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | ( ခ) ကျေးရွာ မီးလင်းရေး | |
| | ( ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြောက်ကိုင်း(တ)ကျေးရွာ

စဉ့်ကိုင်မြို့နယ်

## ၁. စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းအုပ်စု၊မြောက်ကိုင်း(တ)ကျေးရွာ၏ သယံဇာတပြမြေပုံ



၁။ စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ အုပ်စု - မြောက်ကိုင်းတောင်ရွာ ကျေးရွာ၏ သယံဇာတ မြေပုံ
အမရပူရ မြို့နယ်
ဧရာဝတီမြစ်
ရည်ညွှန်းချက်
မြစ် (ဧရာဝတီ)
ဘုရား၊ ပရဝုဏ်နှင့် ဘုန်းတော်ကြီးကျောင်း
ကျန်းမာရေး ဆေးခန်း
ရွာ နယ်နိမိတ်စည်း
ဘောလုံးကွင်း
စာသင်ကျောင်း
ရထားလမ်း
ကားလမ်း
တံတား
ခရစ်ယာန် ဘုရားကျောင်း
လျှပ်စစ် 11 KV
လူနေအိမ်
မြစ်ရေတင်
မြစ်ရေတင်မြောင်း
သရက်ခြံ
သုသာန်
ရေရှိကာလ ⇒ (၇) လ
ရေမရှိကာလ ⇒ (၅) လ
စည်းရိုး
ရွာတွင်းလမ်း

## ၂. စဉ့်ကိုင်မြို့နယ်၊ မြောက်ကိုင်းအုပ်စု၊မြောက်ကိုင်း(တ)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



စဉ့်ကူး မြို့နယ် မြောက်ကိုင်း ကျေးရွာအုပ်စု - မြောက်ကိုင်းတောင်ရွာ၏ ရာသီဥတုပြ ပြက္ခဒိန်
စဉ်
အကြောင်းအရာ
တန်ခူးလ
ကဆုန်လ
နယုန်လ
ဝါဆိုလ
ဝါခေါင်လ
တော်သလင်းလ
သီတင်းကျွတ်လ
တန်ဆောင်မုန်းလ
နတ်တော်လ
ပြာသိုလ
တပို့တွဲလ
တပေါင်းလ
၁။ ရာသီဥတု
၂။ စိုက်ပျိုးရေး
၃။ ရေရရှိမှု
၄။ ဝင်ငွေ
၅။ ပွဲလမ်းသဘင်
၆။ ကျန်းမာရေး
ကောင်း
ကောင်း
ကောင်း
ကောင်း
ကောင်း
ကောင်း
တုပ်ကွေး
တုပ်ကွေး
ကောင်း
ကောင်း
ကောင်း
ကောင်း

## ၃. စဥ့်ကိုင်မြို့နယ်၊မြောက်ကိုင်းအုပ်စု၊မြောက်ကိုင်း(တ)ကျေးရွာ၏ ချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

မြောက်ကိုင်း(တ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ပလိမ်မြို့၏မြောက်ဘက်၊ ဒုဋ္ဌဝတီမြစ်တောင်ဘက်ကမ်းတွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ဆယ့်နှစ်ကိုင်းကျေးရွာနှင့် ကျေးရွာချင်းဆက်လမ်းရှိပြီး ၊ ၎င်း၏ အရှေ့ဘက်တွင် ရန်ကုန်-မန္တလေးလမ်းမကြီးရှိပါသည်။

ရွာ၏အနောက်ဘက်တွင် စိတ္တရဉယျာဉ်ရွာရှိပြီး ဆယ့်နှစ်ကိုင်းကျေးရွာနှင့် အင်းလေးခြံ ကျေးရွာများသည် မြောက်ကိုင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများဖြစ်ပါသည်။ ကျေးရွာ၏ အကျယ်အဝန်းမှာ (၁၅)ကေခန့် ကျယ်ဝန်းပြီး အနီးစပ်ဆုံးမှာ တောင်ဘက်တွင် ပလိပ်မြို့နှင့် မြောက်ဘက်တွင် မြစ်ငယ်မြို့ တို့ဖြစ်ပါသည်။

ကျေးရွာတွင် အလယ်တန်းခွဲကျောင်းရှိပြီး၊၎င်းစာသင်ကျောင်း၏ တောင်ဘက်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းရှိပါသည်။ရွာနှင့် စာသင်ကျောင်း၊ဘုန်းတော်ကြီးကျောင်းတို့ အကြားတွင် မြို့နယ်ဆက်လမ်းမှာ အမာခံမြေသားကျောက်ခင်းလမ်းဖြစ်သော်လည်း မိုးရာသီတွင် သွားလာရေးလွယ်ကူမှုခက်ခဲပါ၍ လမ်းအဆင့်မြင့်တင်ပေးရန် လိုအပ်ပါသည်။ဤကျေးရွာတွင် အဓိကအားဖြင့် စပါး၊နှမ်း အသီးအနှံများကိုသာ စိုက်ပျိုးကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မြောက်ကိုင်း(တ)ကျေးရွာ၏ ရာသီဥတုအခြေအနေမှာနွေရာသီတွင် အမြင့်ဆုံးအပူချိန်မှာ(၄၃ ဒီဂရီဖာရင်းဟိုက်)ရှိပြီး ၊ အနိမ့်ဆုံးအပူချိန်မှာ(၂၉ ဒီဂရီဖာရင်းဟိုက်)ရှိပါသည်။ရာသီဥတုအနေဖြင့် ပုံမှန်အနေအထားတွင် ရှိသော်လည်း ရံဖန်ရံခါတွင် အချိန်အခါမဟုတ်မိုးရွာသွန်းမှုများ ရှိခဲ့ပါသည်။

ဤကျေးရွာတွင် လယ်မြေ(၆)ကေ၊ ယာမြေ(၆)ကေ၊ ဥယျာဉ်ခြံမြေ(၇.၅)ကေနှင့် ကိုင်းကျွန်းမြေ(၁)သာရှိပါသည်။ဒုဋ္ဌဝတီမြစ်ရေမှ မြစ်ရေတင်စနစ်ဖြင့် စပါးနှင့်နှမ်းသီးနှံများကို စိုက်ပျိုးခဲ့ရပါသည်။ ရာသီဥတုမမှန်ခြင်းကြောင့် သီးနှံများစိုက်ပျိုး၍ အဆင်မပြေသောကြောင်း စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးအမြတ်ရရှိမှုနည်းပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မြောက်ကိုင်း(တ)ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများမှ ပူးပေါင်းညှိနှိုင်း၍ ကျေးရွာ၏ဘာသာရေး၊သာရေး၊နာရေးဆိုင်ရာ လုပ်ငန်းများတွင် ဂေါပကအဖွဲ့၊ သာသနာ့အကျိုးဆောင်အဖွဲ့များနှင့်ဆောင်ရွက်ခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ကျောင်း၏လိုအပ်ချက်များအား ပံ့ပိုးကူညီနိုင်စေရန်အတွက် ကျောင်းကော်မတီအဖွဲ့များနှင့်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ဆောင်ရွက်ခြင်း၊ ကျေးရွာမီးလင်းရေးအတွက် မီးလင်းရေးကော်မတီနှင့်ဆောင်ရွက်ပြီး ကျေးရွာသူ/သားနှင့် အသင်းသူ/သားများမျာသာရေးနာရေး၊လူမှုရေးကိစ္စအဝဝကိုတက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်

ဘာသာရေးနှင့် လူမှုရေးအဖွဲ့များတွင်လည်း အဆိုပါအဖွဲ့အစည်းအသီးသီးမှ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုအောက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

မြောက်ကိုင်း(တ)ကျေးရွာတွင် ၅ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၁)အိမ်ထောင်စု၊ ၂.၅ကေမှ၅ကေကြား တောင်သူငယ်(၂)အိမ်ထောင်စုနှင့် ၂.၅ကေအောက် ဆင်းရဲသားတောင်သူ(၆)အိမ်ထောင်စုနှင့် မြေယာမဲ့(၉၅) အိမ်ဖထာင်စုစသည်တို့ရှိကြပြီး အများစုမှာလယ်မြေအမျိုးအစားများဖြစ်ကြပြီးစပါးနှင့်နှမ်းစိုက်ပျိုးကြပါသည်။မြေယာမဲ့အိမ်ထောင်စု (၉၅)အိမ်ထောင်စုရှိသဖြင့် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ကျော်ရှိပြီး လက်သမား၊ ပန်ရံ၊ အခြားကျပန်းလုပ်ကိုင်သူများ၊ လခစား ဝန်ထမ်းများနှင့် ဈေးသည်များလည်း ရှိကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ရာသီဥတုကောင်းလျှင်သီးနှံများထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင်အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပါကသီးနှံအထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတက်ပါသည်။

ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးမှာ စပါးသာ အဓိကစိုက်ပျိုးကြသဖြင့် လိုအပ်သည့်ရေကို ဒုဋ္ဌဝတီမြစ်ရေတင်စခန်းမှ ရေတင်ပေးရပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် စက်ကိရိယာပိုင်ဆိုင်မှုမရှိဘဲ အခြားကျေးရွာမှငှားရမ်းသုံးစွဲကြပါသည်။ စပါးအနေဖြင့် တစ်ကေပျမ်းမျှ (၇၀)တင်းနှင့် နှမ်းတစ်ကေ ပျမ်းမျှ (၇) တင်းခန့်ထွက်ရှိကြပါသည်။

တောင်သူများအနေဖြင့် ရာသီဥတုမှန်ကန်မှုတပါက သီးနှံအထွက်နှုန်းကောင်းမွန်နိုင်ပြီး၊ရာသီဥတုဖောက်ပြန်ပြီး မလိုအပ်ချိန်တွင် ချိန်ခါမဟုတ်မိုးရွာသွန်းပါက သီးနှံများပျက်စီး ဆုံးရှုံးမှု၊ အထွက်နှုန်းနည်းပါးမှုနှင့် တောင်သူများအခက်အခဲ ကြုံတွေ့ရတတ်ပါသည်။

## (ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၃)စုရှိပြီး နွားကောင်ရေ (၂၃)ကောင်၊ ဝက်မွေးမြူသည့် အိမ်ထောင်စု (၄)အိမ်ရှိပြီး ဝက်ကောင်ရေ (၈)ကောင်၊ ကြက်မွေးမြူသည့် အိမ်ထောင်စု (၁၃)စုရှိပြီး ကြက်ကောင်ရေ(၄၀)ကောင်ဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်နေကြပါသည်။

## (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မြောက်ကိုင်း(တ)ကျေးရွာ၏အိမ်ထောင်စု(၁၀၄)စုတွင် စိုက်ပျိုးရေးလုပ်ကိုင်သူနည်းပါးပြီး ကျန်အိမ်ထောင်စုများမှာ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ပန်းရံလက်သမားလုပ်ငန်းများ၊ ယက္ကန်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများနှင့် နေ့စားကျပန်းအလုပ်များကိုလုပ်ကိုင်ကြသည်။ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် စက်ရုံ၊အလုပ်ရုံများပိတ်ထားပြီး နေ့စားကျပန်းအလုပ်သမားများမှာ ဝမ်းရေးအတွက် အခက်အခဲဖြစ်လျှက်ရှိပါသည်။ ကျေးရွာသူ/သားများအတွက် ဝင်ငွေတိုးပွားလာစေရန်တွက် အသက် မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပေးမည်ဆိုပါက ကျေးရွာသူ/သားများ၏မိသားစု စားဝတ် နေရေးပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ပုဂ္ဂလိကငွေချေးလုပ်ငန်းများရှိသော်လည်း အတိုးနှုန်းမသက်သာသောကြောင့်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာလိုသလောက်မရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှ ငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေကြရပါသည်။

ထိုကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်စီမံကိန်းကဲ့သို့သော စီမံကိန်းများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မြောက်ကိုင်း(တ) ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် အဆင့် မြှင့်တင့်ရန် လိုအပ်ပါသည်။ကျေးရွာတွင် စက်ဘီး(၈)စီး၊ မော်တော်ဆိုင်ကယ်(၁၁၃)စင်းနှင့် ကား(၁၁)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မြောက်ကိုင်း(တ)ကျေးရွာတွင် မီးလင်းရေးအခြေအနေမှာ မဟာဓါတ်အားလိုင်းမှ ရယူသုံးစွဲသော အိမ်ထောင်စုမှာ(၅၆)စု၊ဆိုလာဖြင့် သုံးစွဲသောအိမ်ထောင်စုမှာ (၁)စု နှင့် အခြားနည်းစနစ်ဖြင့်သုံးစွဲသော အိမ်ထောင်စုမှာ(၄၇)စုတို့ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၀၉)လုံး၊ ရေဒီယို (၂)လုံးနှင့် တီဗွီ (၆၅)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံးမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများကိုင်ကြသည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ တီဗွီမှ ဗဟုသုတ အစီအစဉ်များကြည့်ရှုကြသည်။

၆။ ပညာရေး

မြောက်ကိုင်း(တ)ကျေးရွာသည် အ.လ.ကခွဲစာသင်ကျောင်းဖြစ်ပြီး ကျေးရွာမှကျောင်းတက်နေသော ကျောင်းသားဦးရေမှာ (၆၃)ဦးရှိပါသည်။ မူလတန်းအဆင့်(၃၂)ဦး၊အလယ်တန်းအဆင့်(၁၇)ဦး၊ အထက်တန်းအဆင့် (၇)ဦး နှင့်တက္ကသိုလ်အဆင့် (၇)ဦး စုစုပေါင်း ပညာသင်ကြားနေသူ ကျား(၃၀)ဦးနှင့် မ(၃၃)ဦး စုစုပေါင်း (၆၃)ဦး ရှိပါသည်။

ကျေးရွာတွင်မူလတန်းပြီးမြောက်သူ (၁၅၆)ဦး၊ အလယ်တန်းပြီးမြောင်သူ (၇၅)ဦး၊ အထက်တန်းပြီးမြောက်သူ (၆၀)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ (၃၆)ဦး ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဌာနမှကျန်းမာရေးဝန်ထမ်းများ လာရောက်သည့်အတွက် ကူးစက်ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ

မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီတုပ်ကွေး၊ ဖျားနာခြင်းဖြစ်ပေါ်တတ်ပါသည်။ ထိုအချိန် အခါမျိုးတွင် ကျန်းမာရေးဌာနမှ အချိန်မီ လာရောက်ကုသပြီး ကျန်းမာရေးဗဟုသုတများအားကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာအဖွဲ့တို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျှက်ရှိပါသည်။

သောက်သုံးရေအတွက် တွင်းကျယ်နှင့် အဝီစိတွင်းစက်တပ်တွင်းများရှိပါသည်။ကျေးရွာတွင် စက်ရေတွင်းမရှိပါသဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် စက်ရေတွင်း(တွင်းနက်) ဆောင်ရွက်ပေးစေလိုပါသည်။

သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု(၄၈)စုသာရှိပြီး တချို့အိမ်ထောင်စုများသည် မိသားစုများနှင့် ပေါင်း၍အသုံးပြုကြပါသည်။ယင်လုံအိမ်သာမလုံလောက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားကြပြီး ကျန်းမာရေးထိခိုက်သောကြောင့် စနစ်ကျသောယင်လုံ အိမ်သာ များဆောက်လုပ်ပေးရန်လိုအပ်လျှက်ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် ဘာသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မြောက်ကိုင်း(တ)ကျေးရွာတွင် တခါတရံအပူချိန်မြင့်မားခြင်း၊ မိုးကြီးခြင်းမိုးခေါင်ခြင်း၊လေပြင်း များ တိုက်ခတ်ခြင်းနှင့် မိုးသီးများကြွေကျခြင်းစသော သဘာဂဘေး အန္တရာယ်များဖြစ်ပွားတတ်ပါသည်။ အပူချိန်မြင့်မားခြင်းနှင့်မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးခြင်း၊ မိုးကြီးခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းတို့ကြောင့် မြစ်ဘေးတွင်တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် ရေကြီးခြင်းနှင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်းများဖြစ်ပေါ်တတ်ပါသည်။

## ၉။ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာတွင် ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာရှိ အမျိုးသား/ သမီး အများစုမှာ ပညာရေးအဆင့်အရ အလယ်တန်းနှင့်အထက်တန်းအဆင့် ပြီးမြောက်သူများ ဖြစ်ကြ၍ အသိဉာဏ်မြင့်မားကြပြီး အဆိုပါ ကိစရပ်မျိုး မဖြစ်ပွားကြပါ။ကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်

တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း နှစ်ဆန်းတစ်ရက်နေ့တွင် ကျား–မ မရွေး သက်ကြီးရွယ်အိုများအား စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ လက်ဆောင်ပစည်းများ ကန်တော့ခြင်းများ ဆောင်ရွက်ကြပါသည်။

**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

| ကျေးရွာအုပ်စုအမည် - မြောက်ကိုင်း | | | ကျေးရွာအမည် - မြောက်ကိုင်း(တ)ကျေးရွာ |
|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက်ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်းတူးဖော်ခြင်းနှင့်အိမ်တိုင်ရေသွယ်စနစ်ဆောင်ရွက်ခြင်း |
| ၃ | ငွေကြေး | ရပ်ရွာပိုင်ငွေကြေး | ချေးငွေစီမံကိန်းများဖော်ဆောင်ခြင်း |
| ၄ | လူငယ်နှင့်အားကစား | လူငယ် | အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးရန် |
| ၅ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရေနုတ်မြောင်းတူးဖော်ခြင်း |
| ၆ | ကျန်းမာရေး | ကျန်းမာရေး | ယင်လုံအိမ်သာများဆောက်လုပ်ခြင်း |
| ၇ | လူငယ်နှင့်အားကစား | လူငယ် | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် |

နောက်ဆက်တွဲ (၁)

**မြောက်ကိုင်း(တ)ကျေးရွာ၊ မြောက်ကိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းဆွေ | ဦးချစ်ဖေ | ၉/စကတ(နိုင်)၀၃၁၀၆၆ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၄၀၂၅၃၉၇၅ |
| ၂ | ဒေါ်အေးထက်ထက်မျိုး | ဦးလှသောင် | ၉/စကတ(နိုင်)၁၁၁၅၅၇ | ၂၄ | အတွင်းရေးမှူး | ၀၉-၄၅၉၀၂၆၂၂ |
| ၃ | ဒေါ်ဝါဝါနွယ် | ဦးချစ်ဖေ | ၉/စကတ(နိုင်)၀၆၃၆၁၂ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၅၁၂၈၃၅၈ |
| ၄ | ဦးမင်းသူရဦး | ဦးသန်းလွင် | ၉/စကတ(နိုင်)၁၁၁၅၃၂ | ၂၅ | စာရင်းကိုင် | ၀၉-၄၀၂၇၅၈၈၅၆ |
| ၅ | ဦးကျော်ခိုင်မင်း | ဦးရှိန်ဝင်း | ၅/တဆန(နိုင်)၀၇၄၅၇၉ | ၄၁ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၂၅၆၀၂၅၆၉၆ |
| ၆ | ဦးချစ်လွှမ်းအောင် | ဦးကျော်မင်း | ၉/စကတ(နိုင်)၀၉၀၁၇၆ | ၃၅ | အဖွဲ့ဝင် | ၀၉-၄၄၄၆၄၁၃၃၈ |
| ၇ | ဦးအောင်ကိုလတ် | ဦးမြင့်သိန်း | ၉/စကတ(နိုင်)၁၀၁၆၀၉ | ၃၀ | အဖွဲ့ဝင် | ၀၉-၄၀၂၇၃၃၇၄၈ |
| ၈ | ဦးမောင်မောင် | ဦးဖြေ | ၉/စကတ(နိုင်)၀၃၁၀၈၇ | ၅၂ | အဖွဲ့ဝင် | ၀၉-၄၀၂၇၂၃၅၆၇ |
| ၉ | ဒေါ်ခိုင်သဇင်ဝင်း | ဦးကျော်တင့် | ၉/စကတ(နိုင်)၁၁၁၀၇၁ | ၁၉ | အဖွဲ့ဝင် | ၀၉-၇၈၂၄၀၁၉၆၇ |
| ၁၀ | ဒေါ်မြတ်မြတ်အောင် | ဦးအောင်ဆန်း | ၉/စကတ(နိုင်)၁၁၁၅၅၅ | ၂၁ | အဖွဲ့ဝင် | ၀၉-၉၅၇၄၆၂၇၁၄ |
| ၁၁ | ဒေါ်ပပလွင် | ဦးအေးလွင် | ၉/စကတ(နိုင်)၀၇၈၅၃၄ | ၃၈ | အဖွဲ့ဝင် | ၀၉-၇၃၃၀၅၇၈၄ |
| ၁၂ | ဒေါ်အေးရွှေ | ဦးတင်ဒွေး | ၉/စကတ(နိုင်)၀၄၅၇၆၁ | ၅၇ | အဖွဲ့ဝင် | ၀၉၇၇၀၅၅၉၈၈၄ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၁၂ | ၂၈ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၁၇ | ၄၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၀ | ၁၆ | ၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၃ | ၁၄၁ | ၂၆၄ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၈ | ၃၀ |
| **စုစုပေါင်း** | | ၁၈၈ | ၂၀၇ | ၃၃၃၃၃၃၃၃<br>၃၃၃၃၃၃၃၃<br>၃၃၃၉၅ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၀၄ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊(၃)ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။ မြောက်ကိုင်း(တ)ကျေးရွာတွင် အိမ်ထောင်စု(၁၀၄)စု ရှိပြီး ကျား(၁၈၈)ဦး၊ မ(၂၀၇)ဦး၊စုစုပေါင်း(၂၉၅)ဦး ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၃)ဦးဖြင့် အမျိုးသားဦးရေ(၄၇.၆)နှင့် အမျိုးသမီး ဦးရေ(၅၂.၄)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်များပြားသည်ကို တွေ့ရှိရပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉ | ၈ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁ | ၄ | မြင့်☑ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၆ | ၄၆ | ၁၃ | မြင့်☐ လတ်☑ နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | ၀ | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂၈ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၀ | မြင့်☑လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၅ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၈ | ၅၀ | ၈ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၁၃ | ၅ | မြင့်☐ လတ်☑ နိမ့်☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်သူ(၄၆)ဦးသာရှိပြီး နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပန်းရံလက်သမားလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၈၀၀၀ | ၀ | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျား၊မ လုပ်အားနှုန်းထားများမှာ အလုပ်အကိုင်၏အားစိုက်ထုတ်မှု အပေါ်မူတည်၍ အနည်းငယ်ကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၆ | ကောင်း☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆ | ကောင်း☐ သင့်☑ ညံ့ ☐ |
| ဉယျာဉ်ခြံမြေ | ၇.၅ | ကောင်း☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၁ | ကောင်း☑ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း☐ သင့်☐ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၀.၅ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။မြောက်ကိုင်း(တ)ကျေးရွာသည် လယ်မြေ၊ ယာမြေ၊ဉယျာဉ်မြေနှင့်ကိုင်းမြေများအနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဓါတ်သတ္တုနှင့် တွင်းထွက်သယံဇာတများထွက်ရှိခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၂၄ | ၄၆ | ၂၄ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ မြောက်ကိုင်း(တ)ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ဂန်ထမ်းနှင့်အရောင်းအဝယ်လုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပြီး မပြေလည်သောအိမ်ထောင်စုများမှာ ပန်းရံ၊လက်သမားလုပ်ကိုင်သောအိမ်ထောင်စုများဖြစ်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ နေ့စား၊ကူလီနှင့် ကြုံရာကျပန်းလုပ်ကိုင်ရသော အိမ်ထောင်စုများဖြစ်သည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဉစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ မြောက်ကိုင်း(တ)ကျေးရွာရှိ ရွာသူ/သားများသည် သင့်တင့်သောအစားအစာများရရှိပြီး ဝမ်းစာဖူလုံမှုရှိသည်ကို တွေ့ရှိရပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာ၀ရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | လျှေင် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေ၀င်မြေ | မြင့် ☐လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။မြောက်ကိုင်း(တ)ကျေးရွာသည် ဒုဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် ပျက်စီးမှုများအသင့်အတင့်ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| **စဉ်** | **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့်☐ လတ်☑ နိမ့်☐ မရှိ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့်☐ လတ်☑ နိမ့်☐ မရှိ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။မြောက်ကိုင်း(တ)ကျေးရွာတွင်ဆိုးရွားစွာထိခိုက်သက်ရောက်နိုင်မှုမရှိပါ။ မိုးရာသီနှင့် မြစ်ရေကြီးချိန်တွင် လက်လုပ်လက်စားနှင့်ကျပန်းအလုပ်သမားများအနေဖြင့် ပုံမှန်ဝင်ငွေမရရှိသောကြောင့် ထိခိုက်မှုများရှိကြောင်း တွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအ | အမျိုးအစား(မှန်ရ | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နို |
|---|---|---|---|---|---|

| | မည် | ာတစ်ခုကိုသာရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | င်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ကျောင်း<br>ကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၇ | ၈ | ၁၅ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | မီးလင်းရေး<br>ကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၉ | | ၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ဂေါပကအဖွဲ့ | ၁ ☐<br>၂ ☐<br>၃ ☑ | ၁၀ | ၀ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၄ | လူငယ်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၈ | ၂၄ | ၃၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | **အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | ထမင်း/ဟင်းချက်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၈ | ၄ | ၁၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၆ | မာရီးယားတမာန်တော်အဖွဲ့ | ၁ ☐<br>၂ ☐<br>၃ ☑ | ၀ | ၁၂ | ၁၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၇ | ရေကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၅ | ၁ | ၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူထုကိုယ်တိုင်ရွေးချယ်ဖွဲ့စည်းထားသော လူမှုအခြေပြုအဖွဲ့(၇)ဖွဲ့ရှိပြီး၊ လူငယ်အဖွဲ့၊မီးလင်းရေးကော်မတီနှင့် ကျောင်းကော်မတီများသည် စွမ်းဆောင်ရည်ပြီး ကျန်အဖွဲ့များမှာလည်း စွမ်းဆောင်ရည်များကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Vision fund | ၁☑ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | Allience | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☑ | ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၃ | မြတ်ကျွန်းသာ | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☑ | ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid,

USAid, စသည်)

(၆)　　ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇)　　ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။　　။ ကျေးရွာအားအတိုးနှုန်းသင့်တင့်စွာ ချေးပေးသော ပြင်ပအဖွဲ့အစည်း(၃)ဖွဲ့ရှိပြီး (၆)လ၊တစ်နှစ်ပေးချေစနစ်ဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။

**(ခ)　စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁)　စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း း | | ၁၀၄ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။　　။ မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်ကျော်ခန့်ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။

**(၂)　အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် | ရေရရှိနိုင်မှု |
|---|---|---|---|

| | | (ဧက) | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☑<br>ရာသီအလိုက်☑<br>မဖြေဆိုပါ☐ | ရှိ☑<br>မရှိ☐<br>မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☐<br>မရှိ☐<br>မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | ၆ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☑<br>မဖြေဆိုပါ☐ | ရှိ☑<br>မရှိ☐<br>မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☐<br>မရှိ☐<br>မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☐<br>မရှိ☐<br>မဖြေဆိုပါ☑ |
| ၆ | လက်ငင်ရေတွင် း | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☐<br>မရှိ☐<br>မဖြေဆိုပါ☑ |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး☐<br>ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | ရှိ☐<br>မရှိ☐<br>မဖြေဆိုပါ☑ |
| ၈ | ချောင်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး☐ | ရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | ရာသီအလိုက်☐<br>မဖြေဆိုပါ☑ | မရှိ☐<br>မဖြေဆိုပါ☑ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိတောင်သူများမှာ မြစ်ရေကို အဓိကထား၍ စိုက်ပျိုးလျှက်ရှိပြီး အခြားရေရှိရေးနည်းလမ်းများသုံးစွဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၆ | တင်း | ၆၀ | ၉၀ | ၇၀ | မတ် | ဇူလိုင် | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| နှမ်း | ၆ | တင်း | ၅ | ၈ | ၇ | မတ် | ဇွန် | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐နိမ့်☑ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စပါးနှင့်နှမ်းသီးနှံကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းအနေဖြင့် မြစ်ရေပေးဝေမှုမှန်ကန်ပါက စပါးသီးနှံအနေဖြင့်အများဆုံး(၉၀)တင်းနှုန်းနှင့် အနည်းဆုံး(၆၀)တင်းနှုန်းထွက်ရှိနိုင်ပြီး နှမ်းသီးနှံအနေဖြင့်အများဆုံး(၈)တင်းနှုန်းနှင့် အနည်းဆုံး(၅)တင်းနှုန်းထွက်ရှိနိုင်ကြောင်း တွေ့ရှိရပြီး ရာသီဥတုဆိုးဝါးမှုရှိပါက စပါးသီးနှံမှာ အနည်းငယ်သာရရှိပြီး နှမ်းသီးနှံမှာ လုံးဝဆုံးရှုံး' မှုရှိကြောင်း တွေ့ရှိရပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၀ | ၀ | ၀ | ၀ |
| လက်တွန်းထွန်စက် | ၀ | ၀ | ၀ | ၀ |
| အစေ့ချကိရိယာ | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၀ | ၀ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၀ | ၀ |
| ခြွေလှေ့စက် | ၁ | ၀ | ၀ | ၀ |
| ရေစုပ်စက် | ၁ | ၀ | ၀ | |
| ခြေနင်းရေတင်စက် | ၀ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၂ | ၀ | ၀ | ၀ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာသုံးစက်ပစ္စည်းပိုင်ဆိုင်မှုမရှိပါ။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာ၀ရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေး၀န်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် သွင်းအားစု ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို မြို့သို့သွားရောက်ဝယ်ယူအသုံးပြုရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မ |

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ရှင်းလင်းချက်**<br><br>**(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)** |
|---|---|
| | ဖြေဆိုပါ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ မဖြေဆိုပါ☑ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☑ မဖြေဆိုပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေချဲ့ထွင်နိုင်မှုမရှိခြင်းနှင့် သီးနှံဖျက်ပိုးကျရောက်မှုကိုအသင့်အတင့်ဖြစ်ပွား ပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

